# Dermatology and Aesthetic Centre

## Body and Face Contouring
## မျက်နှာ နှင့် ခန္ဓာကိုယ် အဆီချခြင်း

### Accent Prime ဆိုသည်မှာ

Accent Prime သည် အာထရာဆောင်းနည်းပညာ (Ultrasound) နှင့် အသံလှိုင်းနည်းပညာ (Radio Frequency) များကို အခြေခံကာ ထုတ်လုပ်ထားသော နောက်ဆုံးပေါ် ကုသနည်းဖြစ်ပါသည်။ ခန္ဓာကိုယ်နှင့် မျက်နှာရှိ အဆီပိုများဖယ်ရှား၍ အသားအရေ တင်းရင်းစေရန် လုပ်ဆောင်ပေးသောကြောင့် သဘာဝကျကျ ကြာရှည် ခံသောရလဒ်ကောင်းများကို ဆောင်ကြဉ်းပေးစေမည်ဖြစ်ပါသည်။

### Accent Prime ဖြင့် ရရှိနိုင်သော ဝန်ဆောင်မှုများ

- ခန္ဓာကိုယ် အဆီချခြင်း (Body Contouring)
- မျက်နှာ အဆီချခြင်း (Face Contouring)
- လျော့တွဲနေသောအရေပြားကိုတင်းရင်းစေခြင်း (Skin Tightening)
- ကြမ်းတမ်းသော၊ မညီမညာဖြစ်နေသောအသားအရေကိုချောမွတ်တောက်ပစေခြင်း (Skin Resurfacing and Rejuvenation)
- ဆဲလ်လူလိုက် အဆီပြင်များဖယ်ရှားခြင်း (Cellulite Removal)

### ခန္ဓာကိုယ်မှအဆီများကိုမည်သို့ ဖယ်ရှားမှာလဲ?

ခန္ဓာကိုယ်ရှိ အဆီဆဲလ်များကိုသာ ရွေးချယ်ချေဖျက်ပေးသော Ultrasound ဖြစ်သောကြောင့် အပေါ်ယံအရေပြား နှင့် တစ်ခြားတစ်ရှူးများကို ထိခိုက်မှုမရှိစေပါ။ ချေဖျက်ထားသောအဆီဆဲလ်များကို ခန္ဓာကိုယ်မှ ပြန်ရည်စနစ် (Lymphatic System) ဖြင့် စွန့်ထုတ်ခြင်းဖြစ်ပါသည်။ အသံလှိုင်းစနစ်မှ ဤကဲ့သို့ စွန့်ထုတ်ခြင်းကိုပိုမို မြန်ဆန်စေရန် ကူညီပေးပါသည်။

### ဤကဲ့သို့သောကုသမှုသည် အန္တရာယ်ရှိပါသလား?

ခွဲစိတ်ကုသခြင်းမဟုတ်သည့်အတွက် အန္တရာယ် ကင်းပြီးစိတ်ချရပါသည်။ မည်သည့်အသားအရည် အမျိုးအစားမဆို ကုသမှုခံယူနိုင်ပြီး မျက်နှာ နှင့် လည်ပင်းကဲ့သို့ ပါးလွှာပြီး နူးညံ့သောနေရာများကိုပါ ကုသမှုပြုလုပ်နိုင်ပါသည်။

### အဆီပိုဖယ်ရှားကုသမှုတွင် နာကျင်မှုရှိပါသလား?

နာကျင်မှု မရှိပါ။ အရေပြားအတွင်းပိုင်းကို ဖြည်းညင်းစွာအပူပေးနေစဉ် အပေါ်ယံအရေပြားအား အေးမြစေသော နည်းပညာကြောင့် သက်တောင့်သက်သာစွာ ကုသမှုခံယူနိုင်ပါသည်။

### ကုသမှု က ဘယ်လောက်ကြာမလဲ?

ကုသမှုခံယူတဲ့နေရာအပေါ်မူတည်၍ မိနစ် (၃၀) မှ မိနစ် (၆၀) အထိကြာနိုင်ပါသည်။

## Accent Prime ကိုရွေးချယ်သင့်သည့်အကြောင်းအရင်းမှာ

- Focus Heating System ဖြင့် အဆီများကိုသာရွေးချယ်ချေဖျက်ပေးသောကြောင့် အပေါ်ယံအရေပြားကို ဆိုးကျိုးမဖြစ်စေနိုင်ပါ။
- Ultrasound နှင့် အသံလှိုင်းနည်းပညာ (၂) ခုကို ပေါင်းစပ်ထားသောကြောင့် မြန်ဆန်သော၊ ကြာရှည်ခံသော ရလဒ်ကောင်းများကိုရရှိစေပြီးကုသမှုအကြိမ်ရေအနည်းငယ်သာလိုအပ်မည်ဖြစ်ပါသည်။
- နာကျင်မှု မရှိခြင်း၊ ကုသမှု မြန်ဆန်ခြင်းကြောင့် နေ့စဥ်လုပ်ငန်းဆောင်တာများကို ချက်ချင်း ပြန်လည်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

## အကြိမ်ရေမည်မျှ ကုသမှုခံယူရန် လိုအပ်ပါသလဲ?

ကြာရှည်ခံသော ရလဒ်ကောင်းရရှိရန် စုစုပေါင်း (၆)ကြိမ်ခန့် အထိ (၂)ပတ်ခြားတစ်ခါ ကုသမှုခံယူ ရန်လိုအပ်ပါသည်။

## Accent Prime နည်းပညာတစ်ခုတည်းဖြင့် ဂိတ်ကျနိုင်ပါသလား?

Accent Prime သည် အဆီပိုများကို ချေဖျက်ပစ်သောကြောင့် ခန္ဓာကိုယ်ရှိ အဆီများကို အတိုင်းအတာတစ်ခုအထိ လျော့ကျစေနိုင်ပါသည်။ သို့သော် မိမိအနေဖြင့် ကျန်းမာသောစားသောက်မှုပုံစံ ၊ ကိုယ်လက် လှုပ်ရှား အားကစားအလေ့အထများနှင့် ပေါင်းစပ်လုပ်ဆောင်မှသာ အဆီကျပြီး လှပသွယ်လျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါသည်။

## ခန္ဓာကိုယ်ရဲ့မည်သည့် နေရာများကိုအဆီချနိုင်ပါသလဲ?

လက်မောင်း၊ တင်ပါး၊ ဂမ်းဗိုက်၊ ပေါင်၊ ခါး၊ ရင်ဘတ်၊ မျက်နှာ၊ မေးနှစ်ထပ် နှင့် လည်ပင်း စသည့်နေရာများကို အဆီချနိုင်ပါသည်။

## လူတိုင်းကုသမှုခံယူနိုင်ပါသလား?

ယေဘုယျ အားဖြင့် ကျန်းမာရေးကောင်းမွန်သောမည်သူမဆိုကုသမှုခံယူနိုင်ပါသည်။ သို့သော် နှလုံးစက် (Pacemaker) ထည့်ထားသည့်သူများ၊ ခန္ဓာကိုယ်တွင် သတ္တုပစ္စည်းအသုံးပြုတပ်ဆင်ထားသူများ (ဥပမာ-သွားတုတပ်ထားသူများ)၊ နှလုံးနှိုးစက် (Defibrillator) တပ်ဆင်ထားသူများ၊ နှလုံးရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကုသမှုမခံယူသင့်ပါ။

## ဘေးထွက်ဆိုးကျိုးများရှိပါသလား?

ဘေးထွက်ဆိုးကျိုးအနေဖြင့် ဖြစ်ခဲပါသည်။ ကုသသည့်နေရာတွင် အနည်းငယ်နီမြန်းခြင်း (၂၄ နာရီအတွင်း ပျောက်ကင်းသည်)၊ အရေပြားခြောက်သွေ့ခြင်း (၂ - ရက်အတွင်းပျောက်ကင်းသည်)၊ ကုသနေစဥ်အရေပြား စပ်ဖျဥ်းဖျဥ်းဖြစ်ခြင်း စသည်တို့ဖြစ်ပေါ်နိုင်ပါသည်။

## ကုသမှုမခံယူမီ မည်သည့်ပြင်ဆင်မှုတွေ ပြုလုပ်ထားသင့်သလဲ?

- အဆီချ ကုသမှုမခံယူမီနှင့် ကုသမှုအပြီးတွင် ရေ (၁)လီတာ မှ (၁)လီတာခွဲခန့် သောက်သုံးရပါမည်။
- ကုသမှု မခံယူမီ (၂၄) နာရီ အတွင်းကယ်လိုရီများသောအစားအစာများ၊ အဆီများသောအစာများ၊ ကစီဓာတ်ပါသောအစာများ (ပေါင်မုန့်၊ ထမင်းစသည်တို့) ကိုလျှော့စားခြင်းတို့ဖြင့် ကုသမှုကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။
- ကုသမှုခံယူမည့်နေ့တွင် အဆီချ မည့်နေရာတစ်ဝိုက်အား ရေမွှေး၊ မိတ်ကပ်၊ လိုးရှင်းများ အသုံးမပြုရပါ။